ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက်အသစ်ရယူရန်အောက်ပါအချက်များလိုအပ်ပါသည်-

(က) "သ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် အသက်(၁၆)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ၎င်းအား ယာဉ်မောင်းသင်ကြားပေးနိုင်သူရှိရမည်။

(ခ) "က-၁"ယာဉ်မောင်းလိုင်စင် (စက်စွမ်းအား ၁၁၀ စီစီနှင့်အောက် မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်)ရယူလိုသူသည်အသက်(၁၆)နှစ်ပြည့်ပြီးသူဖြစ်ရမည်။"သ"ယာဉ်မောင်းလိုင်စင်ရှိရမည်ဖြစ်ပြီး သတ်မှတ်ယာဉ်မောင်းသင်တန်းတက်ရောက် အောင်မြင်ပြီးသူဖြစ်ရမည်။ သတ်မှတ်စစ်ဆေးမှုများအောင်မြင်ရမည်။

(ဂ) "က"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။"သ" ယာဉ်မောင်းလိုင်စင်ရှိရမည်ဖြစ်ပြီး သတ်မှတ်ယာဉ်မောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။သတ်မှတ်သည့်စစ်ဆေးမှုများအောင်မြင်ရမည်။"က-၁"ယာဉ်မောင်းလိုင်စင်ရရှိပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူမှ "က" ယာဉ်မောင်းလိုင်စင် လျှောက်ထားလာပါက လဲလှယ်ထုတ်ပေးရမည်ဖြစ်ပါသည်။

(ဃ) "ခ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။"သ"ယာဉ်မောင်းလိုင်စင်သက်တမ်း (၃)လပြည့်ပြီး သတ်မှတ်ယာဉ်မောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။"က"ယာဉ်မောင်းလိုင်စင်သက်တမ်း (၃)လပြည့်ပြီးပါကလည်း "ခ"ယာဉ်မောင်းလိုင်စင်သို့လျှောက်ထားနိုင်သည်။ သတ်မှတ်သည့်စစ်ဆေးမှုများ အောင်မြင်ရမည်။

(င) "ဂ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည်အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။"သ" ယာဉ်မောင်းလိုင်စင်တင်ပြနိုင်ရမည့်အပြင် ပြည်တွင်းပြည်ပ (သို့မဟုတ်) တရားဝင်ဖွင့်လှစ်ထားသောစက်ယန္တရားကြီးများ မောင်းနှင်/စစ် သင်တန်းအားတက်ရောက်အောင်မြင်ပြီးကြောင်း လက်မှတ်တင်ပြနိုင်ရမည်။ သတ်မှတ်သည့် စစ်ဆေးမှုများအောင်မြင်ရမည်။

(စ) "ဃ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် "ခ" ယာဉ်မောင်းလိုင်စင်သက်တမ်း (၃) နှစ်ပြည့်ပြီးအသက် (၂၁) နှစ်ပြည့်ပြီးသူဖြစ်ရမည်။သတ်မှတ်သည့်စစ်ဆေးမှုများ အောင်မြင်ရမည်။၎င်းလိုင်စင်ဖြင့် တက္ကစီမောင်းလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံသား၊ (သို့မဟုတ်)ဧည့်နိုင်ငံသား (သို့မဟုတ်)နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။

(ဆ) "င" ယာဉ်မောင်းလိုင်စင် ရယူလိုသူသည် အသက်(၂၃)နှစ်ပြည့်ပြီး "ဃ" ယာဉ်မောင်းလိုင်စင်သက်တမ်း (၂)နှစ်ပြည့်ပြီးသူ (သို့မဟုတ်) တဆက်တည်းသက်တမ်းရှိ "ခ" ယာဉ်မောင်းလိုင်စင် (၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။ သတ်မှတ်သည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

(ဇ) ယာဉ်အကူလက်မှတ်ရယူလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသော ပြည်ထောင်စုမြန်မာနိုင်ငံသား (သို့မဟုတ်) ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ သတ်မှတ်သည့် စစ်ဆေးမှုများကိုပါ အောင်မြင်ရမည်။

(ဈ) "ဟ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် "သ" ယာဉ်မောင်းလိုင်စင်ရယူပြီးသူဖြစ်ရမည်။သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်နိုင်သူဖြစ်ရမည်။သတ်မှတ်သည့် စစ်ဆေးမှုများကိုအောင်မြင်ရမည်။

(ည) "ဌ"ယာဉ်မောင်းလိုင်စင်ရယူလိုသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည့်အပြင် "သ" ယာဉ်မောင်းလိုင်စင်ရယူပြီးသူဖြစ်ရမည်။ ထရော်လာကို၊ ထရက်တာယာဉ် များမောင်းနှင်နိုင်သူဖြစ်ရမည်။ သတ်မှတ်သည့်စစ်ဆေးမှုများကိုပါအောင်မြင်ရမည်။

(ဋ) တပ်မတော်(ကြည်း/ရေ/လေ)၏ ယာဉ်မောင်းလိုင်စင်ကိုအနည်းဆုံး(၁)နှစ်ရရှိထားပြီး သူသည် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေအခန်း(၄)၊ ပုဒ်မ-၆၂ အရ သင့်လျော်သောယာဉ်မောင်းလိုင်စင်တစ်ခုခုကို လျှောက်ယူနိုင်သည်။ "သ"ယာဉ်မောင်း လိုင်စင်ရယူရန်မလိုပါ။ တပ်မတော်ယာဉ်မောင်းလိုင်စင်သက်တမ်းနှင့်အညီ အောက်ပါယာဉ်မောင်းလိုင်စင် အမျိုးအစားများကိုလျှောက်ထားရယူနိုင်သည်-

(၁) တပ်မတော်ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၁)နှစ် ရှိသူသည် "ခ" ယာဉ်မောင်းလိုင်စင်ကိုလျှောက်ထားရယူနိုင်သည်။

(၂) တပ်မတော်ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး(၃)နှစ်ရှိသူသည် တက္ကစီယာဉ်မောင်းနှင်ရန်မှအပ "ဃ"ယာဉ်မောင်းလိုင်စင်ကို လျှောက်ထားရယူ နိုင်သည်။

(၃) တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး(၅)နှစ်ရှိ၍ စစ်မှုထမ်းခြင်းမှနုတ်ထွက်ပြီးသူသည် "င"ယာဉ်မောင်းလိုင်စင်ကို လျှောက်ထားရယူနိုင်သည်။

(၄) တပ်မတော်ယာဉ်မောင်းလိုင်စင်သက်တမ်း(၁)နှစ် မပြည့်သူသည် ယာဉ်မောင်းလိုင်စင် ရယူလိုလျှင် "သ" ယာဉ်မောင်းလိုင်စင်ရယူရမည်။

(ဌ) ၁၉၉၇ခုနှစ်တွင် အာဆီယံနိုင်ငံများအကြားလက်မှတ်ရေးထိုးခဲ့သည့် "အာဆီယံနိုင်ငံများမှထုတ်ပေးသည့် ပြည်တွင်းယာဉ်မောင်းလိုင်စင်များအား အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူစာချုပ် (Agreement on the mutual recognition of Domestic Driving Licences issued by Asean Countries)"အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်မည့် ပုဂ္ဂိုလ်များသည် ပြည်တွင်းမှ ထုတ်ပေးသည့် Chip ပါသော smart card ယာဉ်မောင်း လိုင်စင်ကိုင်ဆောင်၍ မောင်းနှင်နိုင်ပါသည်။

(ဍ) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်လက်မှတ် International Driving Permit (IDP) ရယူရန်လိုအပ်ချက်များ-

(၁) သက်တမ်းရှိ၊ ပြည်တွင်းယာဉ်မောင်းလိုင်စင်မူရင်းနှင့်မိတ္တူ။

(၂) သက်တမ်းရှိ နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ (လျှောက်ထားသူသည် နိုင်ငံခြားသို့ရောက်ရှိနေပါက နိုင်ငံကူးလက်မှတ်မိတ္တူဖြင့် လျှောက်ထား နိုင်ပါသည်။)

(၃) နိုင်ငံသားစစ်ဆေးရေးကတ်မိတ္တူ။

(၄) လျှောက်ထားသူ၏ Passport အရွယ်ဓါတ်ပုံ(၃)ပုံ။

(၅) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်လက်မှတ်အတွက် ကျသင့်ငွေ၊ မြန်မာ ကျပ်ငွေ (၁၅၀၀၀ဝိ/-)

(ဎ) နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှမြန်မာနိုင်ငံယာဉ်မောင်းလိုင်စင်သို့ကူးပြောင်းလိုလျှင်လိုအပ်ချက်များ-

(၁) သက်တမ်းရှိနိုင်ငံခြားယာဉ်မောင်းလိုင်စင်မူရင်းနှင့်မိတ္တူ။
His/Her Driving License (original and copy)

(၂) သက်တမ်းရှိနိုင်ငံကူးလတ်မှတ်နှင့်ဗီဇာ မူရင်းနှင့်မိတ္တူ။

Passport/Visa(original and copy)

(၃) ဓါတ်ပုံ(၂)ပုံ။

(2)photos

(၄) နိုင်ငံခြားသား၏ သက်ဆိုင်ရာနိုင်ငံမှထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင် မှန်ကန်ကြောင်း ထောက်ခံချက်။

(၅) သက်တမ်း(၅)နှစ်အတွက်လိုင်စင်ခ မြန်မာကျပ်ငွေ(၁၅၀၀၀ဝိ/-) ကျပ်၊ စစ်ဆေးခ တစ်ကြိမ်လျှင် (၁၅၀၀ဝိ/-)ကျပ်။

(၆) နိုင်ငံခြားသား၏ လိုင်စင်တွင် ဖော်ပြချက်များအင်္ဂလိပ်ဘာသာမဟုတ်ပါက အင်္ဂလိပ် ဘာသာ/ မြန်မာဘာသာပြန်ဆိုချက်၊ တာဝန်ရှိသူ၏ ထောက်ခံချက် ပါရှိရမည်။

(၇) အမြင်အာရုံစစ်ဆေးခြင်း၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှုစစ်ဆေးခြင်း။

(၈) စာတွေ့စစ်ဆေးခြင်း(စိတ်အခြေအနေ/အရက်သောက်တတ်မှုစစ်ဆေးခြင်း၊ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေစစ်ဆေးခြင်း)

(၉) လက်တွေ့စစ်ဆေးခြင်း (ဝန်ပေါ့မော်တော်ယာဉ်ဖြင့် ပတ်မောင်းနှင့် ဆိုက်ကပ် စစ်ဆေးခြင်း)

(၁၀) စစ်ဆေးမှုများအောင်မြင်ပြီးပါက သူတစ်ပါးထိခိုက်မှုအာမခံကြေးပေးဆောင်ပြီးကြောင်း အထောက်အထား

**မှတ်ချက်။** နိုင်ငံခြားသံတမန်များ UN အဖွဲ့အစည်းဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့် လက်မှတ်(IDP) ကိုင်ဆောင်သူများ စာတွေ့၊ လက်တွေ့ စစ်ဆေးခြင်း ကင်းလွတ်ခွင့်ပြုသည်။

(ဏ) သံရုံးများမှသံတမန်များနှင့်သံတမန်အခွင့်အရေးရသူများအတွက် မြန်မာနိုင်ငံလိုင်စင် လျှောက်ထားလိုလျှင် လိုအပ်ချက်များ -

(၁) သက်ဆိုင်ရာသံရုံးမှလျှောက်လွှာ။

(၂) နိုင်ငံခြားရေးဝန်ကြီးဌာန (သို့မဟုတ်)သံတမန်ရေးရာဦးစီးဌာနမှ ထောက်ခံချက်။

(၃) သံတမန်Passport မိတ္တူ။

(၄) သံတမန်စိစစ်ရေးကတ်မိတ္တူ။

(၅) သက်ဆိုင်ရာနိုင်ငံမှလိုင်စင်မိတ္တူ။

(၆) ဓါတ်ပုံ(၂)ပုံ။

(ဏ) မော်တော်ယာဉ်မောင်းသူအတတ်သင်ကျောင်းမှတ်ပုံတင်ကြေးသတ်မှတ်ခြင်း –

(၁) ယာဉ်မောင်းသင်တန်းကျောင်းမှတ်ပုံတင်ကြေးမှာ – ၅၀၀၀၀ဝိ/–

ယာဉ်မောင်းလိုင်စင် အမျိုးအစားနှင့် လိုင်စင်သက်တမ်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လိုင်စင်အမျိုးအစား | သက်တမ်း |
|---|---|---|
| (က) | အမောင်းသင်လိုင်စင် | (၁) နှစ် |
| (ခ) | (က) လိုင်စင် | (၅) နှစ် |
| (ဂ) | (ခ) လိုင်စင် | (၅) နှစ် |
| (ဃ) | (ဂ) လိုင်စင် | (၅) နှစ် |
| (င) | (ဃ) လိုင်စင် | (၃) နှစ် |
| (စ) | (င) လိုင်စင် | (၃) နှစ် |
| (ဆ) | (ဌ) လိုင်စင် | (၅) နှစ် |
| (ဇ) | (စ) လိုင်စင် | (၅) နှစ် |
| (ဈ) | အပြည်ပြည်ဆိုင် ယာဉ်မောင်းနှင်ခွင့်လက်မှတ် | (၁) နှစ် |

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဆုံးရှုံးနစ်နာမှုများ လျော့ နည်းကျဆင်းစေရန်အတွက် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC) မှ ဦးဆောင် ၍ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀) အား အောက်ပါရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် -

(က) နှစ်စဉ်လူသေဆုံးမှုကို စီမံချက်ကာလအတွင်း ၅၀% လျော့ကျစေခြင်းဖြင့် လူအသက်ပေါင်းများစွာအား ကယ်တင်ရန် ၊

(ခ) သေဆုံးမှုကို ၂၀၁၃ ခုနှစ်တွင် မော်တော်ယာဉ်စီးရေ (၁၀၀၀၀) လျှင် လူ (၉.၂၆) ဦး သေဆုံးနေသည့်နှုန်းမှ ၂၀၂၀ ခုနှစ်တွင် သေဆုံးမှုနှုန်း ကို ၅၀% လျော့ချရန်၊

(ဂ) တစ်ပြည်လုံးတွင် မော်တော်ဆိုင်ကယ်စီးသူအားလုံး မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေရန်၊

(ဃ) တစ်ပြည်လုံးတွင် မော်တော်ယာဉ် အသုံးပြုသူအားလုံး အသက်ကယ်ခါးပတ် ပတ်စေရန်၊

(င) ယာဉ်မောင်းလိုင်စင်မဲ့မောင်းနှင်မှုများ ပပျောက်စေရန်၊

ဖော်ပြပါလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀) အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ဦး စားပေးလုပ်ငန်းအစီအမံများအား ဖော်ဆောင်လျ က်ရှိရာ ပြည်သူလူထုအနေဖြင့်လည်း လိုက်နာဆောင်ရွက်ြ ခင်းဖြင့် ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းကျဆင်းစေနိုင်မည်ဖြစ်ပါသည် -

(က) မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ဆင်စေရေး၊

(ခ) မော်တော်ဆိုင်ကယ်စီးသူများအရည်အသွေးပြည့်မီသောဆိုင်ကယ်စီးဦးထုပ်များ ပတ်ဆင်မောင်းနှင်စေရေး၊

(ဂ) အရက်သေစာ မူးယစ်သောက်စား□ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမရှိစေရေး၊

(ဃ) မော်တော်ယာဉ်မောင်းနှင်သူများ လက်ကိုင်ဖုန်းအသုံးမပြုရေး ။

# ယာဉ်မောင်းများအတွက် လမ်းညွှန်ချက်

ယာဉ်မောင်းကောင်းတစ်ဦးသည် ယာဉ်မောင်းနှင်ခြင်းမပြုမီ အောက်ပါအချက်များကို အမြဲလိုက်နာ ကျင့်သုံးရန်လိုအပ်ပါသည်-

(က) ထမ်းဆောင်ရမည့်တာဝန်။ ယာဉ်ကိုမောင်းနှင်စဉ်တလျှောက်လုံး အန္တရာယ်ကင်းစွာ မောင်းနှင်ရန်။

(ခ) လုပ်ဆောင်ရမည့်ဝတ္တရား။ နေ့စဉ်မိမိမောင်းနှင်ရမည့် ယာဉ်၏စက်ပိုင်းစနစ်၊ လက်ကိုင်စနစ်၊ မီး စနစ်၊ ဘရိတ်စနစ်များ၊ ယာဉ်ကိုယ် ထည်ကြံ့ခိုင်မှုနှင့် တာယာများကောင်းမွန်မှုရှိ/မရှိစစ်ဆေးပြီးမှ မောင်းနှင်ရန်။

(ဂ) စောင့်ထိန်းရမည့်ကျင့်ဝတ်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှောင်ကြည်ရန်နှင့်ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး ရိုးသားကြိုးစား မောင်းနှင်သွားရန်။

(ဃ) လိုက်နာရမည့်စည်းကမ်း။ တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း စောင့်ထိန်းလိုက်နာသွားရန်။

(င) ဂရုပြုရမည့်လက်စွဲဆောင်ပုဒ်များ။ အရည်အချင်းပြည့်ဝသော ယာဉ်မောင်းတစ်ဦး မွေးထုတ်နိုင်ရေးအတွက် ထုတ်ပြန်ထားရှိသော ယာဉ်မောင်း နှင်ခြင်းဆိုင်ရာ လက်သုံးဆောင်ပုဒ် များသည်လည်း အထူးဂရုပြုအလေးထား လိုက်နာရမည်ဖြစ်ပါကြောင်း အောက်တွင်ဖော်ပြအပ်ပါ သည် -

(၁) "စိတ်ရှည်သည်းခံ လမ်းကြောင်းမှန် မောင်းရန်မော်တော်ကား"

(၂) "Road Safety Is No Accident"

(၃) "ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ"

(၄) "ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်/လမ်း စည်းကမ်း လိုက်နာပေး"

(၅) "Drive Safely (အန္တရာယ်ကင်းစွာမောင်းနှင်ပါ)"

(၆) "မဆင်မခြင် မောင်းနှင်မှုအသက်ပေါင်းများစွာ အန္တရာယ်ပြု"

(၇) "သင့်ကို သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခ‌ဘဲ အိမ်ပြန်ရောက်ရှိန်၊ စောင့် မျှော်နေကြသည်ကို သတိပြုပါ"

## လမ်းညွှန်လမ်းအမှတ်အသားများ








## ၁။ လမ်းအလယ်ရှိ အလျားလိုက်မျဉ်းဖြူအမှတ်အသားများ


(က) အလယ်မျဉ်းပြတ်

- နှစ်လမ်းမောင်းတွင် မျဉ်းပြတ်ကိုဖြတ်ကျော်၍ ကွေ့နိုင်သည်။ ဂ-ကွေ့လည်း ကွေ့နိုင် သည်။ တစ်လမ်းမောင်းလမ်းတွင်မူ မျဉ်းပြတ်ကိုဖြတ်၍ ယာဉ်ကြော ကူးပြောင်းနိုင်သည်။
- အန္တရာယ်ကင်းရှင်းလျှင် မျဉ်းပြတ်ကိုဖြတ်၍ ရှေ့ယာဉ်ကိုကျော်တက်နိုင်သည်။
- မျဉ်းပြတ်များကို ခွ၍မမောင်းရ။
- မျဉ်းပြတ်များပေါ်တွင် လမ်းမလျှောက်ရ ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။





(ခ) အလယ်မျဉ်း

- ဤမျဉ်းကို ဖြတ်ကျော်၍ မကွေ့ရ။ ဂ-ကွေ့မကွေ့ရ၊ ယာဉ်ကြောလည်း မကူးပြောင်းရ။
- ဤမျဉ်းကို ဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ။
- ဤမျဉ်းကို ခွ၍မမောင်းရ။
- ဤမျဉ်းများပေါ်တွင် လမ်းမလျှောက်ရ ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။





(ဂ) အလယ်မျဉ်းပြိုင်နှစ်ကြောင်း

- မျဉ်းပြိုင်နှစ်ကြောင်းကို အန္တရာယ်ဖြစ်နိုင်သည့် လမ်းကွေ့လမ်းကောက်များ၊ တံတားကျယ်များ၊ မြင်ကွင်းကွယ်နေသော ကုန်းထိပ်များစသည့်နေရာများတွင် အသုံးပြုသည်။
- မျဉ်းပြိုင်နှစ်ကြောင်းကို လုံးဝဖြတ်မကျော်ရ။ ဂ-ကွေ့မကွေ့ရ။ နွံမမောင်းရ။
- မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ရှေ့မှယာဉ်ကို လုံးဝကျော်မတက်ရ။
- မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ယာဉ်ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။
- မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။





(ဃ) အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်များဖြင့် ရေးဆွဲထားခြင်း

- မျဉ်းပြတ်ရှိသောယာဉ်ကြောများဘက်မှ ယာဉ်သည် မျက်နှာချင်းဆိုင်လာသော ဘက်မှ ယာဉ်အန္တရာယ်ကင်းရှင်းလျှင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ် ကျော်၍ ကွေ့နိုင်သည်။ သို့ရာတွင် ဂ-ကွေ့ မကွေ့ရ။
- မျဉ်းပြတ်ရှိသော ယာဉ်ကြောများဘက်မှယာဉ်သည် အလယ်မျဉ်းနှစ်ကြောင်း ကိုဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ။ နွံမမောင်းရ။
- တစ်ဆက်တည်းရှိသော ယာဉ်ကြောများဘက်မှယာဉ်သည် တစ်ဆက်တည်းမျဉ်းကို လုံးဝ ဖြတ်မကျော်ရ။
- မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ၊ ရပ်မနေရ။ စက်ဘီးမစီးရ။



နှစ်လမ်းမောင်း





တစ်လမ်းမောင်း

( င )   ယာဉ်ကြောများကိုသတ်မှတ်သည့် အလျားလိုက်မျဉ်းဖြူအမှတ်အသားများ

- လမ်းတစ်လျှောက် ယာဉ်တစ်စီးချင်း ရှေ့နောက်လွယ်ကူစွာနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရန်အတွက် ယာဉ်ကြောများကို တစ်ဆက်တည်းမျဉ်း၊ မျဉ်းပြတ် တို့ဖြင့် သတ်မှတ်သည်။
- လမ်းဆုံလမ်းခွတွင် ကန့်လန့်ဖြတ်ရေးဆွဲထားသော ရပ်မျဉ်းသို့မရောက်မီ အနည်းဆုံး မီတာ ၃၀ (ပေ ၁၀၀) မှစ၍ ရပ်မျဉ်းအထိ တစ်ဆက်တည်းမျဉ်းဖြင့် ယာဉ်ကြောများကို ခွဲခြားထားသည်။
- မျဉ်းပြတ်များဖြင့် ခွဲခြားထားသော ယာဉ်ကြောများတွင် ယာဉ်များသည် ယာဉ်ကြောတစ်ခုမှ တစ်ခုသို့ကူးပြောင်းနိုင်သည်။ ယာဉ်ကြောကူးပြောင်း ရာတွင် အလိုက်သင့်အလျားသင့် တစ်ခုပြီးမှ တစ်ခုကူးပြောင်းရမည်။ နောက်မှ လိုက်လာသောယာဉ်ကို အနှောင့်အယှက် မဖြစ်စေရ။ လမ်းဆုံ လမ်းခွ မရောက်မီ တစ်ဆက်တည်းမျဉ်းနေရာတွင် ယာဉ်ကြောလုံးဝ မကူးပြောင်းရ။
- မျဉ်းပြတ်နေရာတွင် ရှေ့ယာဉ်ကို ကျော်တက်နိုင်သည်။ တစ်ဆက်တည်းမျဉ်း နေရာတွင်မူ ကျော်မတက်ရ။
- မျဉ်းဝါဖြင့် သတ်မှတ်သော ယာဉ်ကြောသည် ဘတ်စ်ကားများအတွက်သာ ဖြစ်သည်။
- သာမန်အားဖြင့် လက်ယာဘက်ယာဉ်ကြောတွင် မောင်းနှင်ရမည်။ လက်ဝဲ ဘက်သို့ ကွေ့လျှင် မျဉ်းပြတ်နေရာများတွင်သာ လက်ဝဲယာဉ်ကြောသို့ ကူးပြောင်းပြီးမှ ကွေ့ရမည်။
- ရှေ့ယာဉ်ကို ကျော်တက်လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ ကျော်တက် ရမည်။


( စ )   အလယ်မျဉ်းပြတ်ရှိသော နေရာများတွင်သာ "ဂ"ကွေ့ ကွေ့နိုင်သည်။







ယာဉ်ကြောများကို သတ်မှတ်သည့် အလျားလိုက်မျဉ်းဖြူအမှတ်အသားများ

လမ်းပေါ်တွင်ညွှန်ပြသည့် မြားပုံအမှတ်အသားများ




ကန့်လန့်ဖြတ် ရပ်မျဉ်းဖြူ အမှတ်အသားများ







ရပ်မျဉ်းဖြူ
ယာဉ်ရပ်သောအခါ ၎င်းမျဉ်း၏နောက်တွင်သာရပ်ရမည်

(စ) ခြေကျင်လျှောက်သူများအတွက် မျဉ်းဝါအမှတ်အသားများ




လူကူးမျဉ်းကျားအဝါ

ခြေကျင်လျှောက်သူများ အန္တရာယ်ကင်းရှင်းစွာလမ်းကိုဖြတ်ကူးနိုင်ရန်နေရာ သတ်မှတ်ချက်ကို မျဉ်းကျားအဝါဖြင့်ဖော်ပြ၍ လူနှင့်ယာဉ်အသွားအလာများသော နေရာများတွင်အသုံးပြုသည်။



လူကူးမျဉ်းဝါများ

ယာဉ်ထိန်းအချက်ပြမီး (သို့မဟုတ်) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ၊ ထိန်းသိမ်းသော လမ်းဆုံ လမ်းခွတွင် လူဖြတ်ကူးရန်အတွက် မျဉ်းဝါနှစ်ကြောင်းကို ရပ်မျဉ်း၏ရှေ့တွင်ရေးဆွဲသည်။



လူကူးမျဉ်းဝါများ


လူကူးမျဉ်းဝါပြတ်များကို ယာဉ်အသွားအလာများသော ကျောင်းရှေ့၊ ဆေးရုံရှေ့ ၊ ဘတ်စ်ကားမှတ်တိုင်အနီး စသည့်နေရာများ၌ အသုံးပြုသည်။

(ဆ) လူကူးမျဉ်းဝါနေရာများတွင် ယာဉ်မောင်းသူများလိုက်နာရမည့်အချက်များ


- လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာသို့ မရောက်မီ အနည်းဆုံး မီတာ ၅၀(၁၆၅ ပေ) အကွာအဝေးမှ အရှိန်လျှော့၍ သတိဖြင့်မောင်းနှင် ချဉ်းကပ်ရ မည်။ ဖြတ်ကူးသူများရှိ နေလျှင် မျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်မှ အနည်းဆုံး ၅ မီတာ (၁၆ ပေ၊ ၆ လက်မ) အကွာအဝေးတွင် ယာဉ်ကိုရပ်ပြီး လမ်းဖြတ်ကူး သူများရှင်းမှ ဆက်မောင်းရမည်။
- လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်ပေါ်တွင် မည်သည့်အကြောင်းကြောင်း နှင့်မျှ ယာဉ် လုံးဝမရပ်ရ။ ထိုမျဉ်းများပေါ်တွင် ယာဉ်ပျက်စီးချို့ယွင်း၍ ရပ်သွား ပါက ထိုမျဉ်းများနှင့် လွတ်ကင်းသည့် လမ်းဘေးနေရာသို့ အမြန်ဆုံးရွှေ့ရမည်။
- လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ရပ်ထားသော ယာဉ်ကို ကျော် မတက်ရ။ သွားနေသော ရှေ့ယာဉ်ကိုလည်း ကျော်မတက်ရ။
- လူကူးမျဉ်းကျား၊ သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ယာဉ်ထိန်းရဲ၊ သို့မဟုတ် တာဝန် ပေးအပ်ခံရသူက ကြီးကြပ်ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာ ရမည်။
- လမ်းဆုံလမ်းခွတွင် ရပ်မျဉ်းနောက်၌သာ ယာဉ်ကိုရပ်ရမည်။ လူကူးမျဉ်းဝါပေါ် တွင် ယာဉ်မရပ်ရ။
- လမ်းဆုံလမ်းခွ၌ ယာဉ်ကွေ့လျှင် ကွေ့မည့်လမ်းပေါ်တွင် ဖြတ်ကူးသူများကို အထူး ဂရုစိုက်ရမည်။

## **လမ်းပေါ်မျဉ်းဝါကျွန်း အမှတ်အသားများ**

လမ်းပေါ်မျဉ်းဝါကျွန်း အမှတ်အသားများ



လမ်းအလျားလိုက်ကျွန်း




လမ်းခွဲကျွန်းများ


(ဇ) လမ်းပေါ် မျဉ်းဝါကျွန်း အမှတ်အသားများ

- ယာဉ်များဖြတ်ကျော်ခြင်းမပြုစေလိုသည့် လမ်းပေါ် ကျွန်း အမှတ်အသားများကို မျဉ်းအဝါ များဖြင့် ရေးဆွဲသတ်မှတ်ရမည်။
- ကျွန်းပေါ် တွင် ယာဉ်များရပ်ခြင်း၊ ဖြတ်ကျော်ခြင်းမပြုရ။
- ကျွန်းရှိသောလမ်းကို ဖြတ်ကူးသူသည် ကျွန်းပေါ် တွင် တစ်ထောက်နားပြီး ယာဉ်သွားလာမှု ရှင်းမှ ဆက်လက်ဖြတ်ကူးနိုင်သည်။ ကျွန်းအတွင်း လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီး ခြင်းမပြုရ။

မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာအမှတ်အသားများ




လမ်းဘေးယာဉ်ကြောမှခွဲ၍ သီးခြားသတ်မှတ်ထားသော ဘတ်စ်ကားမှတ်တိုင်နေရာများ



လမ်းဘေးယာဉ်ကြောအတွင်း သတ်မှတ်ထားသော ဘတ်စ်ကားမှတ်တိုင်နေရာများ

(ဈ) လမ်းဘေးကပ်တုံးအမှတ်အသားများ



အဖြူ/အနီလမ်းဘေးကပ်တုံးများ

(၁) အဖြူ/အနီ လမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်များလုံးဝ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။ ၎င်းအမှတ်အသားကို အဝိုင်းပတ်များ၊ လမ်းခွဲ ကျွန်းများ၊ အန္တရာယ်ရှိသော လမ်းကွေ့များ၊ လမ်းဆုံလမ်းခွများ စသည့် နေရာ များတွင် အသုံးပြုသည်။



အဝါ/အနက်လမ်းဘေးကပ်တုံးများ

(၂) အဝါ/အနက် လမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်ကို စေတ္တခဏသာ ရပ်ဆိုင်းနိုင်သော်လည်း လုံးဝရပ်မထားရ။ ၎င်းအမှတ်အသားကို လမ်းပိတ်ဆို့စေနိုင်သည့် ဈေး၊ ကျောင်း၊ ဆေးရုံ၊ လူအဝင်အထွက်များသော ရှုပ်ထွေးသည့်နေရာများတွင် အသုံးပြုသည်။

(ည) အဖြူ/အနီကျားလမ်းဘေးတိုင်များ



- ၎င်းတိုင်များကို ချောက်ကမ်းပါးရှိသော လမ်းဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သော လမ်းကွေ့၊ လမ်းကောက် စသည့်နေရာများတွင် စိုက်ထူထားရမည်။
- ၎င်းတိုင်များရှိသော လမ်းဘေးတစ်လျှောက်တွင် ယာဉ်များ လုံးဝရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရသည့်အပြင် ယာဉ်အချင်းချင်း ကျော်မတက်ရ။ ၎င်းတိုင်များ ကိုတွေ့လျှင် ယာဉ်အရှိန်လျှော့၍ သတိဖြင့်မောင်းနှင်ရမည်။